## “ဦးနေဝင်းကွယ်လွန်ခြင်းနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ် ( ဟောင်း ) ကျော်ဇော၏ ပန်ကြားချက် ”

မြန်မာနိုင်ငံမှ တိုင်းပြည်ခေါင်းဆောင်နှင့် တပ်မတော်ခေါင်းဆောင်ဦးနေဝင်း ကွယ်လွန်သွားပါသည်။

ကျနော် ဗိုလ်ကျော်ဇောဟာ လက်ရှိတပ်မတော်ကြီးကို ၁၉၄၁ ခုနှစ် ထိုင်းနိုင်ငံ ဘန်ကောက်တွင် စတင်တည်ထောင် ဖွဲ့စည်းခဲ့စဉ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနေဝင်းတို့နှင့်အတူ ပါဝင်ဦးဆောင်ခဲ့သူဖြစ်ပြီး တပ်မတော်တွင် နှစ်ပေါင်းများစွာ အရေးကြီးတာဝန်များကို ထမ်းဆောင်ခဲ့သူ ဖြစ်သည့်အလျောက် တပ်မတော်နှင့်တိုင်းပြည်ကို ပန်ကြားလွှာတစောင် ထုတ်ပြန်အပ်ပါသည်။

ဦးနေဝင်းဟာ တပ်မတော်ခေါင်းဆောင်အဖြစ်နှင့်လည်းကောင်း မြန်မာနိုင်ငံခေါင်းဆောင်အဖြစ်နှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့ပါသည်။ ဦးနေဝင်းကွယ်လွန်သွားပြီးနောက် တပ်မတော်မှာ ဂိုဏ်းဂဏတွေကွဲပြီး တပ်မတော် ပြိုကွဲလာမှာကို တိုင်းပြည်၊ ပြည်သူလူထုနှင့်အတူ ကျနော်စိုးရိမ်မိပါသည်။

တပ်မတော်ပြိုကွဲလာလျှင် တိုင်းပြည်ပါပြိုကွဲမှာ စိုးရိမ်ကြရပါသည်။ ထိုအဖြစ်မျိုးဖြစ်ခဲ့သော် ပြည်သူအများ ဒုက္ခရောက်ကြမည်ဖြစ်၍ ကျနော်တို့ ထိုသို့ဖြစ်ရန် မလိုလားပါ။

တပ်မတော်နှင့်တိုင်းပြည် မပြိုကွဲအောင်နှင့် တိုင်းပြည်အကျိုးရှိလာဖို့ လမ်းတခု ရှိနေပါသည်။ ၎င်းမှာ ယခုဆွေးနွေးနေကြသော ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့၏ ဆွေးနွေးပွဲများမှာ ပြည်သူတို့အကျိုးကို အခြေခံပြီး အောင်မြင်ထမြောက်စေရေးပင် ဖြစ်ပါသည်။

ထိုဆွေးနွေးပွဲကြီးအောင်မြင်အောင် တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အားလုံးဝိုင်း၍ ကူညီလုံးပန်းကြရန် တိုက်တွန်းအပ်ပါသည်။

တပ်မတော်ကိုလဲ ပန်ကြားလိုသည်မှာ တပ်မတော်နှင့်ပြည်သူ သဘောကွဲလွဲနေမည့်အစား ယခင်ကျနော်တို့တပ်မတော် စတင် တည်ထောင်ခဲ့စဉ်က ထားခဲ့သည့်သဘောထားအတိုင်း–

၁။ နိုင်ငံတော်ကို ကာကွယ်သည့်တပ်မတော်

၂။ ပြည်သူ့ဆန္ဒနှင့်အညီ နေထိုင်ကျင့်ကြံသည့်တပ်မတော်

၃။ နိုင်ငံရေးတွင် ဝင်မစွက်သည့်တပ်မတော် ... နှင့်

၄။ တိုင်းပြည်နှင့်ပြည်သူ့အကျိုးကို လိုလားသည့်တပ်မတော် ...... ဖြစ်အောင် တစည်းတလုံးတည်း ဝိုင်းဝန်းတည်ဆောက်ကြပါရန် ပန်ကြားအပ်ပါသည်။

ဗိုလ်ကျော်ဇော

ရက်စွဲ။ ။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်။